
နေဝင်ချိန် ရောက်ခဲ့လျှင်
သျှမ်မင်း

ကလောင် အမည် = သျှမ်မင်း

ဝတ္ထုရှည် အမည် = နေဝင်ချိန် ရောက်ခဲ့လျှင်

မြန်မာပြည်ရှိ ဒေါ်ရှေးဆောင်များကို ရည်ညွှန်းပါသည်။

***

"အချိန်တွေကိုသာ နောက်ပြန်ဆွဲလို့ရပါက ပြန်ဆွဲချင်မိတယ်ကွယ်၊ အစ်ကို မင်းကို တစ်နေ့မှ မေ့လို့မရခဲ့လို့ပေါ့ ချစ်ဦးသူရယ်။ မင်းသိပ်ကြိုက် သိပ်မြတ်နိုးတဲ့ အစ်ကို့ရင်မှလာတဲ့ ချစ်ခြင်းမေတ္တာ များစွာကို ဖော်ကျူး ဖွဲ့ သီထားတဲ့ တယောသံစဉ် ငြိမ့်ငြိမ့်ညောင်းညောင်း တေးသွား တချို့ကို လည်း မင်းကို သတိရ လွမ်းဆွတ်မိတဲ့အခါတိုင်း၊ ခံစားနာကျင်ရမှုတို့ အုံဖွဲ့ ဖြစ်တည်လာတဲ့အချိန်တိုင်း ဇရာအို ဆိုတဲ့အရွယ် ရောက်ရှိဖြစ်တည် အိုမင်းရင့်ရော်လာသည့်တိုင် အစ်ကို့ရင်မှ စစ်မှန်လှတဲ့ ချစ်ခြင်း မေတ္တာ တရားတို့က အနုအရွ ခံစားမှု ရသတွေအဖြစ်နဲ့ အသစ်တစ်ဖန် ပြန်လည် မွေးဖွားလာသလို အခုတိုင်အောင် အမှတ်တရနဲ့ ဒီသံစဉ်ကိုပဲ အကြိမ်ကြိမ် အလီလီ ထိုးလာခဲ့ပြီး ကြိမ်ဖန်များစွာ အဖန်တစ်ရာတေအောင် ထပ်ခါတ လဲလဲ ထိုးနေဆဲပါကွယ်"

ဦးဉာဏ်ဆောင်က ရင်တွင်းမှ ကြေကွဲစွာ ဆိုသည်။

ချိုမြလှပါသည့်တယောသံစဉ်။

နုရွငြိမ့်ညောင်းမှု အပြည့်အဝနှင့် သာယာနွဲ့ပျောင်းလှ၍ ချိုသာစွာ ထွက် ပေါ်လာသည့် တယောသံစဉ်ချို တေးတစ်ပုဒ်သည် ဘယ်အရပ်ဒေသ၊

ဘယ်ကာလံဒေသံ ဘယ်နေရာမှ ဘယ်အရပ်မျက်နှာဆီမှ မည်သူက ထိုး၍ နေပါသနည်း။

ထိုတယောသံကို ကြားရလေတိုင်း အနီးနား ပတ်ဝန်းကျင်ရှိ လူများသည် အသံ ဦးတည် ဖြတ်သန်းလာသည့် နေရာ၏ဇာစ်မြစ်ကို သိချင်စိတ်နှင့် ရှိရှိ သမျှ အရပ်လေးမျက်နှာ တစ်ခွင်သို့ ကျီးကန်းတောင်းမှောက်နိုင်လှသော မျက်လုံးများစွာအစုံတို့က တယောသံပိုင်ရှင် ထိုလူကို လိုက်လံ ရှာဖွေမိခဲ့ ကြသော်လည်း ယနေ့အချိန်ထိ ဘယ်သူဘယ်ဝါဖြစ်မှန်းပင် မသိခဲ့ကြ သည်မှာ အလွန်ပင် ကြာညောင်းခဲ့ပြီဖြစ်၏။ တယောသံသည်လည်း အ ဘယ်နေရာ၊ ဘယ်အရပ်ဒေသဆီမှ ဦးတည်၍ လာမှန်းပင် ခန့်မှန်း တွက်ဆ နိုင်ဖို့ကား ခဲယဥ်းလှသည်။

အံ့ဩဖွယ် ကောင်းလောက်အောင် သိသာ ပေါ်လွင်လှသည့်အနုအရှ ခံစားမှုရသများ ပျော်ဝင်နေသည်မှာလည်း တယောထိုးသူ၏ တစ်မျိုးတစ်မည်သော အနုပညာအပေါ်၌ ခံစားသက်ဝင်နေမှုကြောင့်လား (သို့မဟုတ်) တစ်မျိုးတစ်ဖုံသော ရင်တွင်းဆိုင်ရာ ချစ်ခြင်းမေတ္တာ၏ အနက် အဓိပ္ပာယ် အတိမ်အနက်နှင့်ပတ်သက်၍ စိတ်၏ခြေရာ ကျန်ခဲ့သော စိတ်၏ဒဏ်ရာ၊ စိတ်၏ဝေဒနာအား လျော့ပါးစေရန်အလို့ငှာ ဖြေဆေးပမာ နှယ် ဖြေဖျောက်ရန်အတွက် 'လွမ်းတသသ လွမ်းချင်း၊ ဆွေးတသသ ညည်းချင်း' ဟု အမည်တပ်ရလောက်အောင် ပျော်ဝင်နေမှုကြောင့်လား မ သိလှစွာ အသက်ဝင် ပေါ်လွင်လွန်းနေသည်။

ထိုအရာအား သိမြင်သူမှာ တယောထိုးသူ လူပုဂ္ဂိုလ် ကိုယ်တိုင်မှ သော်လည်းကောင်း၊ ထိုပုဂ္ဂိုလ်နှင့်ပတ်သက်၍ ဖြစ်ကြောင်းကုန်စင်အား နှံ့ နှံ့စပ်စပ် သိမြင်ထားသူ ဆွေမျိုးမိတ်သင်္ဂဟ လူပုဂ္ဂိုလ်များမှ သော်လည်းကောင်း သိနိုင်သည်။ ဤအကြောင်းအရာများနှင့် ပတ်သက်၍

ဖြစ်အင်အစုံအလင်ကို နှိုက်နှိုက်ချွတ်ချွတ် မခြွင်းမချန် ကုန်စင်အောင် သိသူများအထဲမှ တစ်ယောက်မှာ ဒေါ်မြမေပင် ဖြစ်သည်။

"ဩော် မောင်ဆောင် ... မောင်ဆောင်၊ နင့်ရဲ့ချစ်ဦးသူကိုမှ မမေ့နိုင်သေးဘဲကိုး၊ နင့်အဖြစ်ကလည်း ဝဋ်ကြွေးကြီးလှပါလား၊ မမြ စိတ်မကောင်းဖြစ်လိုက်ပါဘိ၊ သူ သိပ်ကြိုက်လှ သိပ်မြတ်နိုးလှတဲ့ ဒီသံစဥ်ကိုမှ ဒီနေ့တိုင်ထိ မမေ့မလျော့နဲ့ နင်က ထိုးမြဲ ထိုးနေဆဲပဲနော်၊ မောင်ဆောင်ရယ် ... နင့်အရွယ်က ဒါတွေကို မေ့သင့်ရောပေ့၊ အသက်တွေလည်းကြီး၊ ဆံပင်ကလည်းဖြူနဲ့ ဇရာအိုကြီး ဖြစ်နေပါပကောကွယ်၊ ဦးခေါင်းမြေချ ရိုးမြေကျတဲ့အထိ မမေ့ပစ်ဖို့များ နင် စိတ်ကူးထားရော့သလား"

ဒေါ်မြမေ စိတ်မကောင်းစွာ ရေရွတ်မိသည်။ စိတ်ထဲမှလည်း "ဒီဝဋ်ကြွေး ဒီမျှနဲ့ပဲ ကျေပါစေ"ဟု ဆွေမျိုးနီးစပ်တော်စပ်သော မောင်ဖြစ်သူ ဦးညဏ်ဆောင်အတွက် ဆုတောင်းပေးမိ၏။

"အခု မောင်ဆောင် ငိုများငိုနေရော့သလား"။ ဒေါ်မြမေ သေချာမသိပေမဲ့ နူးညံ့ညင်သာလှသော တယောသံ ရှည်ရှည်မျောမျောကား ဆွဲဆွဲငင်ငင်နှင့် ကြားနေရဆဲ ဖြစ်၏။

ငယ်ချစ်ဟောင်းကို ဆံဖြူသွားကျိုး၊ ခါးကိုင်း၍ အသံပင် တုန်နေရှာသည့် တိုင်တိုင် ဖြေမဆည်နိုင်သေးသော ဦးညဏ်ဆောင်၏အဖြစ်သည် 'ငယ်ချစ်ဟောင်းနှင့် စောင်းအိုလုလင်' ပုံပြင်ထဲက အတိုင်းပင် ဖြစ်နေသည်။

မြေပြင်မှ အတော်အတန် မို့မောက်သော အနေအထားနှင့် မြင့်မားစွာ တည်ရှိပါသော တောင်ကုန်း၏ အမြင့်အစွန်း တစ်နေရာမှာ ရပ်၍ ဇနီးနှင့် သားသမီးများအား မမေ့ပျောက်နိုင်သော လွမ်းဆွေး တမ်းတခြင်းများနှင့် ဤနေရာရောက်တိုင်း ဆွေးလျလျ တွေးတွေးငေးငေးနှင့် ငူငူငေါင်ငေါင်နိုင်လှသော ဦးညဏ်ဆောင်ကို ကရုဏာသက်စွာ ကြည့်ရင်း ဒေါ်မြမေ

သက်ပြင်းချမိလေသည်။

ဒေါ်မြမေသည် ဦးဉာဏ်ဆောင်၏မိဘများ ရှိစဥ် လက်ထက်ကတည်းက ဆွေမျိုးနီးစပ်တော်စပ်သော ဦးဉာဏ်ဆောင်၏အိမ်တွင် မကြာခဏ ဝင်ထွက် စားသောက်နေကျ ဖြစ်သူအပြင် တံခါးမရှိ၊ ဓားမရှိ ဝင်ထွက် သွားလာခွင့်ရခဲ့သောသူ တစ်ဦးလည်း ဖြစ်ခဲ့သေးသည်။

ဦးဉာဏ်ဆောင်၏မိဘနှစ်ပါး ဖြစ်ကြသော 'ဦးဉာဏ်ကြီးနှင့် ဒေါ်ရွှေဆောင်' တို့မှာလည်း ရွာတောင်ပိုင်းမှာနေသော ဒေါ်မြမေကို ဆင်းရဲနွမ်းပါးသူ ဖြစ်သောကြောင့် သူမ၏ အပြောအဆို၊ အပြုအမူက အစပြု၍ အနေအထိုင် ငြိမ်ဝပ်သည်ကို ရိပ်စားမိ၍ သူမ၏ရိုးသားမှုကို 'သရဖူ' ဆောင်းပေးခဲ့ပြီး နဂိုစိတ်ရင်းကား အဆင့်အတန်း ခွဲခြား ဆက်ဆံတတ်သော စရိုက်ရှိသည့် ဦးဉာဏ်ဆောင်၏ မိဘများမှာ ဒေါ်မြမေကိုဖြင့် ခြွင်းချက်ပမာ ကွင်းကွက်ဖယ်ခွာ၍ သနားကရုဏာ ဖြစ်ခဲ့ကြလေသည်။

အဆင့်အတန်း ခွဲသည် ဆိုရပါသော် ဦးဉာဏ်ဆောင်၏ မိဘများသည် ရွာမြောက်ပိုင်းတွင် ဘိုးစဥ်ဘောင်ဆက်က ရတနာကုန်သည်မျိုးရိုးများ အစဥ်အဆက် ဖြစ်ခဲ့ကြသော ဘိုးဘွားများမှ ဆင်းသက်ခဲ့၍ ကျိုကျိုတက်ချမ်းသာလာခဲ့ကြ၍ ဖြစ်မည်။ ဦးဉာဏ်ဆောင်၏ မိဘများလက်ထက်ရောက်သောအခါ၌လည်း ဤစည်းစိမ် ဤအဆောင်အယောင်များသည် လားလားမျှ ယုတ်လျော့ မသွားခဲ့ပါ။ ဤမျှအထိ ချမ်းသာခဲ့ကြပါသည်။

တစ်ဦးတည်းသောသားဖြစ်သူ ဦးဉာဏ်ဆောင်ကိုလည်း တော်ရုံတန်ရုံ မိန်းကလေးမျိုးလောက်နှင့် တူတန်သည်မထင်၍ လွယ်လင့်တကူ ပေးစားနိုင်မည် မဟုတ်ပေ။ ဤကဲ့သို့ မာန်မာနများလည်း ထောင်လွှားတတ်ကြသေးသည်။ ဟိုအရင်က ဦးဉာဏ်ဆောင်အပေါ် သူ့မိဘများသည် အကဲပိုခဲ့လိုက်ကြပုံများကိုဖြင့် မဆိုချင်။ ယခုကဲ့သို့သော မြင်ကွင်းမျိုးကို ဆိုးရွားစွာ

တွေ့မြင်ရလျှင်ဖြင့် အဘယ်မျှလောက်တောင် ယူကျုံးမရစွာ နှင့် စိတ်ထိခိုက်ရှာကြလိမ့်မည်နည်း။

ဒေါ်မြမေသည် ဆွေမျိုးမကင်းသူ ဦးဉာဏ်ဆောင်အပေါ်၌ သံယောဇဉ်အလွန်ရှိသည်။ ဤသို့သော ဝဋ်ဒုက္ခ ခံစားနေရသည့်နှယ် ဖြစ်နေရှာသည့် မြင်ကွင်းမျိုးကို မကြည့်ရက်နိုင်တော့သဖြင့် အကြီးပီပီ မိမိ၏မောင်ဖြစ်သူ တစ်ယောက်သည် လမ်းမှားရောက်၍ ဝဋ်ဒုက္ခကြီးစွာ ခံစားနေရရှာသော သံသရာဝဋ်ဆင်းရဲနွံအိုင်မှ ရုန်းထွက်နိုင်အောင် လမ်းကြောင်းမှန်ပေါ်သို့ တွန်းပို့စေလိုသည့်ဆန္ဒ ဖြစ်ပေါ်လာ၍ စိတ်ပိုင်းဖြတ်ပြီး လှည့်ထွက်လာခဲ့ရင်း ...

"တစ်ရက်ရက်တော့ မောင်ဆောင်ဆီ သွားဦးမှ"ဟုလည်း စိတ်ကူးမိရင်း လမ်းတစ်လျှောက်၌ အတွေးပေါင်းစုံဝင်၍ စဥ်းစားလာခဲ့မိသည်။

အချိန် အတော်အတန် ကြာအောင် လျှောက်လာခဲ့ပြီး ဖြစ်သောကြောင့် တောင်ကုန်းနှင့်လည်း အလွန် အလှမ်းကွာလာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် တယောသံသည်လည်း သဲ့သဲ့မျှသာ ကြားရတော့သည်။ တောင်ပိုင်း ပြန်သည့် လမ်းတစ်လျှောက်လုံးတွင် ဒေါ်မြမေသည် တောင်တောင်ဤဤ အတွေးများ နယ်ချဲ့ရင်း ယခုအချိန်တွင် ဦးဉာဏ်ဆောင် အကြောင်းသာ ခေါင်းထဲ ရှိနေသောကြောင့် လွန်လေခဲ့ပြီးသော အရင်အတိတ်ဆီသို့ တစ်ခေါက် ပြန်လည် ရောက်ရှိ သွားခဲ့လေတော့သည်။

***

'ရှေးဉာဏ်ကြီးရှင် စံအိမ်' တွင် ဦးဉာဏ်ဆောင် ယနေ့တိုင် မမေ့နိုင်သေးသည့် ရာဇဝင် ဇာတ်ကြောင်း၊ အဖြစ်အပျက်များ အထဲမှ တချို့သည် ရင်နှင့်မဆံ့အောင် မချိမဆံ့ ခံစားခဲ့ရမှုတို့အပြင် အတိတ်၏ဝေဒနာ အဖြစ်ဆိုးများသည်လည်း များမြောင်လှစွာ ရှိခဲ့ပါသည်။ ထိုထိုဖြစ်အင် ဇာတ်လမ်း

အစုံကို ယခုနေ သိမြင်ကြသူများမှာ သိပ်များများစားစား ဟူ၍ မရှိလှ။

မနှင်းဆီ ဆိုင်းအဖွဲ့သားများအထဲမှ လူတချို့ ဒေါ်မြမေ၊ ထိုကြေကွဲစွာ အဆုံးသတ်ခဲ့ရသော အချစ်ဇာတ်လမ်းတစ်ခု၏ ပိုင်ရှင်များဖြစ်ကြသော ကာယကံရှင် ဦးဉာဏ်ဆောင်နှင့် မနှင်းဆီဆိုသည့် ထိုသူတို့မှလွဲ၍ မည်သူမျှ ထဲထဲဝင်ဝင် မသိနိုင်ကြ၍ ဖြစ်သည်။

ထိုသို့ မည်သူ တစ်ဦးတစ်ယောက်မျှ ထဲထဲဝင်ဝင် မသိခဲ့ကြရခြင်းမှာလည်း ဦးဉာဏ်ဆောင်၏ ရင်နင့် ကြေကွဲဖွယ်ရာ ကောင်းသော အချစ်ဇာတ်လမ်းကို မိဘဆွေမျိုး အသိုင်းအဝိုင်းတို့က 'သိသာသိစေ၊ မမြင်စေနဲ့' ဆိုသည့် စကားအတိုင်း ဖုံး၍ လုံနိုင်သလောက် လုံသည်အထိ မရမက အတိုင်အဖောက်ညီလှစွာ လိုက်လံဖုံးဖိ၍ ဖုံးအုပ်ထားနိုင်ခဲ့သောကြောင့် ဖြစ်၏။

***

လွန်ခဲ့သော အနှစ်(၄၀)ခန့်အကြာက အကြောင်းအရာ ဖြစ်သည်။

***